# အမေရိကန်ရောက် ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ မိုင် ၂၀၀ ကျော် ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြပွဲ အပေါ် သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ စက်တင်ဘာလ ၉ ရက် ၂၀၀၇

မြန်မာ့ဒီမိုကရေစီအရေးကို တက်တက်ကြွကြွ လှုပ်ရှားနေသူများနှင့် ထပ်တူထပ်မျှဖြစ်သော မြန်မာ့ဒီမိုကရေစီရေး အင်အားစု ယူတီကာ ( Democratic Burmese Society of Utica NY ) သည် မြန်မာ့ဒီမိုကရေစီရေး၏ အခရာဖြစ်သော တောင်းဆိုမှုများအတွက် ခရီးရှည်ချီတက်–အစာငတ်ခံဆန္ဒပြ တောင်းဆိုနေကြသော ဒီမိုကရေစီရေး လှုပ်ရှားသူများအား နှလုံးလှိုက်လှဲ ဂုဏ်ယူ အသိအမှတ်ပြုပါသည်။

အဆိုပါမိုင်၂၀၀ကျော်ချီတက်ပွဲအတွင်း စိတ်ဓါတ်ပိုင်းဆိုင်ရာကူညီပံ့ပိုးမှုသာမက ကာယပိုင်းဆိုင်ရာကူညီပံ့ပိုးလျှက် ပူးပေါင်းပါဝင် ချီတက်ပေးကြသော ကလေးသူငယ်များနှင့် အမျိုးသမီးများအပါအဝင် ယူတီကာမြို့မှ လှုပ်ရှားသူပေါင်း (၅၀)ကျော်ခန့်နှင့် ဘာ့ဖလိုးမြို့ ရန်ချစ္စတာမြို့များမှ ဒီမိုကရေစီရေးလှုပ်ရှားသူများအားလည်း လှိုက်လှဲစွာ ဂုဏ်ယူအပ်ပါသည်။

ဤခရီးရှည်ချီတက်ပွဲနှင့်ပူးတွဲ၍ အစာငတ်ခံဆန္ဒပြမှုသည် မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်ပါ ပထမဦးဆုံးဖြစ်သည့်အပြင် တိုင်းပြည်နှင့် မြန်မာတနိုင်ငံလုံးရှိ (၅၃) သန်းကျော်သောလူသားအားလုံးတအတွက် ကြီးကျယ်သော ကိုယ်ကျိုးစွန့် အနစ်နာခံ ဆန္ဒပြပွဲကြီး ဖြစ်သည့်အတွက် လှုပ်ရှားသူများအား မိမိတို့ မြန်မာ့ဒီမိုကရေစီရေး အင်အားစု ယူတီကာ ( Democratic Burmese Society of Utica NY ) က မှတ်တမ်းတင် ဂုဏ်ယူပါသည်။

ရိုးသားဖြူစင်သော အနစ်နာခံမှုသည် အချည်းနှီးဖြစ်မည်မဟုတ်ဟု မိမိတို့ မြန်မာ့ဒီမိုကရေစီရေး အင်အားစု ယူတီကာ ( Democratic Burmese Society of Utica NY ) က အခိုင်အမာ ယုံကြည်ထားသည်ဖြစ်၍ ဤ ဒီမိုကရေစီရေး အင်အားစုများ၏ ရိုးသားဖြူစင်သော အနစ်နာခံလှုပ်ရှားမှုကြောင့် နအဖ စစ်အုပ်စု၏ ရာဇပလ္လင်မှာ ချိန့်ပြိုလဲ သွားရမည်ဟုလည်းယုံကြည်ပါသည်။

မြန်မာ့ဒီမိုကရေစီရေး အင်အားစု ယူတီကာ ( **Democratic Burmese Society of Utica NY** )


<u>ဆက်သွယ်ရန်</u>

ဒေါ်ဖေါ်ဘောင် (အတွင်းရေးမှူးအဖွဲ့ဝင်) စည်းရုံးရေးနှင့် ဝါဒဖြန့်ချီရေး (ဖုံး ၃၁၅–၇၉၀–၀၀၃၂)